# ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေ

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁။)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီကို ဆိုသည်။

(ခ) **ကောင်စီဝင်** ဆိုသည်မှာ ကောင်စီတွင်ပါဝင်သူ တစ်ဦးဦးကို ဆိုသည်။

(ဂ) **ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု** ဆိုသည်မှာ ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ခြင်း၊ ရောဂါကြိုတင် ကာကွယ်ခြင်း၊ ကုသမှုပေးခြင်း၊ ကျန်းမာရေး ပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းအပါအဝင် ပဏာမကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းအားလုံးနှင့် သက်ဆိုင်သော ဆောင်ရွက်ချက်ကိုဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

**(စ)** **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနကို ဆိုသည်။

(ဆ) **ကျန်းမာရေးမှူးအသင်း** ဆိုသည်မှာ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဖွဲ့စည်းပုံ စည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းကို ဆိုသည်။

**(ဇ)** **ကျန်းမာရေးမှူး** ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ကျန်းမာရေးမှူး အောင်လက်မှတ်ရရှိသူ သို့မဟုတ် အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကျန်းမာရေးသိပ္ပံ (အခြေခံကျန်းမာရေး) ဘွဲ့ရရှိသူကို ဆိုသည်။

**(ဈ)** **မှတ်ပုံတင်ကျန်းမာရေးမှူး** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ကျန်းမာရေးမှူးကို ဆိုသည်။

(ည) **ပြည်သူ့ကျန်းမာရေးကြီးကြပ်** ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁) သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) အောင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကိုဆိုသည်။

(ဌ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ မှတ်ပုံတင်သည့် ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကို ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေး ကြီးကြပ်၏ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်နိုင်ရန် ကောင်စီကခန့်အပ်သော အငြိမ်းစား မှတ်ပုံတင်ကျန်းမာရေးမှူးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထိရောက်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့် ရရှိစေရန်၊

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ၏ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာပညာရပ်ကို မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်များက ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေး ကြီးကြပ်များအား မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို အစဉ်လိုက်နာစောင့်ထိန်းစေရေးအတွက် ကြီးကြပ်ထိန်းသိမ်းရန်၊

(င) သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## ကောင်စီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်-

(က) ကောင်စီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

| | | |
|---|---|---|
| (၂) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန် ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၄) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၅) | အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၆) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၇) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁) ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (၈) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) ကိုယ်စားလှယ် တစ်ဦး | အဖွဲ့ဝင် |
| (၉) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | ဘဏ္ဍာရေးမှူး |
| (၁၀) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ကျန်းမာရေးမှူးကိုယ်စားလှယ်တစ်ဦး | အတွင်းရေးမှူး |
| (၁၁) | ကျန်းမာရေးမှူးအသင်းညီလာခံက ရွေးချယ်တာဝန်ပေးအပ်သော ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကိုယ်စားလှယ်တစ်ဦး | တွဲဖက် အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆။ ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ငါးနှစ်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။

၇။ ကောင်စီသည် သက်တမ်းကုန်ဆုံးသော်လည်း ကောင်စီသစ်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရမည်။

## အခန်း(၄)
## ကောင်စီဝင်များ၏ အရည်အချင်း

၈။ ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများဖြစ်ရမည်-

(က) နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာစောင့်သိသူ၊

(ခ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နိုင်သူ၊

(ဂ) ကျန်းမာရေးဝန်ထမ်းများ၏ သစ္စာအဓိဋ္ဌာန်ကို လေးစားလိုက်နာသူ၊

(ဃ) ကောင်စီက ပေးအပ်သောတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်သူ။

## အခန်း(၅)
## ကောင်စီ၏ လုပ်ငန်းတာဝန်များ

၉။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေး ကြီးကြပ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားစေရေးအတွက် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သော စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် လိုက်နာစောင့်ထိန်းခြင်း ရှိ မရှိ ကြီးကြပ်ခြင်း၊

(င) ကိုယ်တိုင်တွေ့ရှိချက်အရဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်က ယင်း၏ တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း သို့မဟုတ် အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးကပြစ်ဒဏ်ချမှတ်ခံရကြောင်းသိရှိရလျှင် စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(စ) အငြိမ်းစားမှတ်ပုံတင်ကျန်းမာရေးမှူးများအနက်မှ သင့်လျော်သူတစ်ဦးကို မှတ်ပုံတင်အရာရှိအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခန့်အပ်ခြင်း၊ လုပ်ငန်းတာဝန် သတ်မှတ်ခြင်းနှင့် သက်တမ်းသတ်မှတ်ခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) မှတ်ပုံတင်အရာရှိက တင်ပြလာသည့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းအတွက် လျှောက်ထားလာမှုများကိုစိစစ်၍ မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးခြင်း၊

(ည) ဝန်ကြီးဌာနက ညွှန်ကြားသော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း၊

(ဋ) ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာနသို့ အစီရင်ခံ တင်ပြခြင်း၊

(ဌ) ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကူအညီလိုအပ်သောကိစ္စရပ်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဍ) မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်များ ပေးဆောင်ရမည့် နှစ်စဉ်ကြေးနှင့် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ၊ မှတ်ပုံတင်လက်မှတ် မိတ္တူမှန်ထုတ်ပေးခတို့ကို သတ်မှတ်ခြင်း၊

(ဎ) လိုအပ်သော လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဏ) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်းနှင့် ဖြည့်စွက်ခန့်ထားခြင်း

၁၀။ ဝန်ကြီးဌာနသည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လာသည့် ကောင်စီဝင် တစ်ဦးဦးကို ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) သာသနာ့ဘောင်သို့ အမြဲကူးပြောင်းဝင်ရောက်ခြင်း၊

(ဂ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဃ) အကျင့်စာရိတ္တနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးက ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(င) စိတ်ကျန်းမာရေးချို့ယွင်းသူဟု မှတ်ချက်ပေးပိုင်ခွင့်ရှိသူက မှတ်ချက်ပြုခြင်း။

၁၁။ ကောင်စီဥက္ကဋ္ဌသည် ပုဒ်မ ၁၀ ပါ အကြောင်းတစ်ရပ်ရပ်ကြောင့် ကောင်စီဝင်နေရာ လစ်လပ်လျှင် ဖြည့်စွက်ခန့်ထားနိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၁၁ အရ တင်ပြချက်ကိုလက်ခံရရှိလျှင် သက်ဆိုင်ရာအဖွဲ့အစည်းထံမှ ကိုယ်စားလှယ်အမည်စာရင်းတောင်းခံ၍ ဖြည့်စွက်ခန့်ထားရမည်။

၁၃။ ပုဒ်မ ၁၂ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသော ကောင်စီဝင်၏သက်တမ်းသည် ကျန်ရှိသည့် ကောင်စီ သက်တမ်း ကုန်ဆုံးချိန်အထိသာဖြစ်သည်။

## အခန်း(၇)
## ကောင်စီအစည်းအဝေးများကျင်းပခြင်း

၁၄။ ကောင်စီဥက္ကဋ္ဌသည်-

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ်ခေါ်ယူ ကျင်းပ ရမည်။

( ခ ) ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်က အစည်းအဝေးခေါ်ယူကျင်းပပေးရန် တင်ပြလျှင် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

၁၅။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး တို့တွင် ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ အပါအဝင် ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

၁၆။ ကောင်စီ၏ ပုံမှန်အစည်းအဝေးများနှင့် အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေး၏ ဆောင်ရွက်ချက် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း(၈)
## မှတ်ပုံတင်ခြင်း

၁၇။ မှတ်ပုံတင်လက်မှတ်ရယူလိုသည့် ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်။

၁၈။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၇ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိမရှိ စိစစ်ပြီး-

(က) ညီညွတ်မှုရှိပါက ကောင်စီသို့ တင်ပြရမည်။

( ခ ) ညီညွတ်မှုမရှိပါက ပြန်လည်ပြင်ဆင်လျှောက်ထားရန် ညွှန်ကြားရမည်။

၁၉။ ကောင်စီသည် ပုဒ်မ ၁၈၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး-

(က) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ဆုံးဖြတ်ပါက သတ်မှတ်သော မှတ်ပုံတင်ခကို ပေးသွင်းပြီးကြောင်း အထောက်အထားဖြင့် တင်ပြလာလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

( ဂ ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် လျှောက်ထားသူထံစာဖြင့် အကြောင်းကြားရမည်။

၂၀။ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် မှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။

၂၁။ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးပေးရန် မှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၁ အရ လျှောက်ထားချက်ကို စိစစ်ပြီး -

(က) မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

( ခ ) ကောင်စီက သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင်သော်လည်းကောင်း၊ သက်တမ်းတိုးမြှင့်ပေးရန်ငြင်းပယ်ကြောင်း ဆုံးဖြတ်လျှင်သော်လည်းကောင်း ယင်းဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

( ဂ ) ကောင်စီ၏ ဆုံးဖြတ်ချက်အရ-

(၁) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရမည်။

(၂) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

## အခန်း(၉)
## မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်းနှင့် ပျောက်ဆုံးခြင်း

၂၃။ မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်သည် မှတ်ပုံတင်လက်မှတ် ပျက်စီးလျှင်ဖြစ်စေ၊ ပျောက်ဆုံးလျှင်ဖြစ်စေ မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၂၄။ မှတ်ပုံတင်အရာရှိသည်-

(က) ပုဒ်မ ၂၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး မိမိတွေ့ရှိချက်များကို သဘောထားမှတ်ချက်နှင့်အတူ ကောင်စီသို့ တင်ပြရမည်။

( ခ ) ကောင်စီက မှတ်ပုံတင်လက်မှတ် မိတ္တူမှန် ထုတ်ပေးရန် ဆုံးဖြတ်ပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးရမည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ်မိတ္တူမှန် ထုတ်ပေးကြောင်း မှတ်ပုံတင်စာရင်းတွင် ဖော်ပြရေးသွင်းထားရမည်။

## အခန်း(၁၀)
## လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်း

၂၅။ ကောင်စီသည်-

(က) မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ရေးအတွက် ကောင်စီဝင်အနည်းဆုံး တစ်ဦးနှင့် သင့်လျော်သူများပါဝင်သော အောက်ပါလုပ်ငန်းအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(၁) ဘဏ္ဍာရေး ကြီးကြပ်မှုအဖွဲ့၊

(၂) ရန်ပုံငွေရှာဖွေရေး လုပ်ငန်းအဖွဲ့၊

(၃) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ညှိနှိုင်းကြီးကြပ်ကွပ်ကဲရေး လုပ်ငန်းအဖွဲ့၊

(၄) လေ့ကျင့်ပညာပေးရေး လုပ်ငန်းအဖွဲ့၊

(၅) ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လုပ်ငန်းအဖွဲ့များကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် အခြားလုပ်ငန်းအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း ပြုနိုင်သည်။

( ဂ ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် လုပ်ငန်းအဖွဲ့ဝင်များ၏ စရိတ်နှင့်ချီးမြှင့်ငွေများကို သတ်မှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ သတ်မှတ်သော စရိတ်နှင့် ချီးမြှင့်ငွေများကို ကောင်စီ၏ ရန်ပုံငွေမှ ကျခံရမည်။

( င ) လုပ်ငန်းအဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၁၁)
## ဘဏ္ဍာရန်ပုံငွေ လက်ခံခြင်းနှင့် သုံးစွဲခြင်း

၂၆။ ကောင်စီသည် ပြည်တွင်းရှိအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့် အခြားအကူအညီများကို လက်ခံရယူနိုင်သည်။

၂၇။ ကောင်စီသည် ပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေများ၊ ပစ္စည်းများနှင့်အခြား အကူအညီများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ခံရယူနိုင်သည်။

၂၈။ ကောင်စီသည် မိမိ၏ရငွေနှင့် သုံးငွေများကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

၂၉။ ကောင်စီသည်-

(က) မိမိ၏ ရငွေ၊ သုံးငွေများကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေအရ အသိအမှတ်ပြုထားသည့် ပြင်ပစာရင်းစစ် ငှားရမ်း၍ စစ်ဆေးရမည်။

( ခ) စာရင်းစစ်အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

## အခန်း(၁၂)
## မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်၏ တာဝန်နှင့် အခွင့်အရေးများ

၃၀။ (က) မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်သည်-

(၁) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(၂) ကောင်စီက သတ်မှတ်သော နှစ်စဉ်ကြေးကို ပေးဆောင်ရမည်။

(၃) ကောင်စီကသတ်မှတ်သည့် မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်ဆိုင်ရာ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(၄) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့သင်ယူလေ့ကျင့်ခဲ့သည့် ပညာရပ်နှင့်အညီ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပေးရမည်။

( ခ ) မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေး ကြီးကြပ်သည်-

(၁) ကောင်စီ၏လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုတင်ပြနိုင်သည်။

(၂) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(၃) ကောင်စီ၏အကြံဉာဏ် ရယူခွင့်ရှိသည်။

(၄) ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်မှုတွင် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

## အခန်း(၁၃)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၁။ ကောင်စီသည် မှတ်ပုံတင်ကျန်းမာရေးမှူး သို့မဟုတ် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်တစ်ဦးဦးက ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာစောင့်ထိန်းရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရကြောင်း သိရှိလျှင်ဖြစ်စေ အောက်ပါစီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူနိုင်သည်-

(က) သတိပေးခြင်း၊

( ခ ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

( ဂ ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း။

## အခန်း(၁၄)
## အယူခံခြင်း

၃၂။ ကောင်စီက ပုဒ်မ ၃၁ အရ ချမှတ်သည့် အရေးယူမှုကိုသော်လည်းကောင်း၊ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) တို့အရ ချမှတ်သည့်ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့အယူခံနိုင်သည်။

၃၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၂ အရ အယူခံမှုနှင့်စပ်လျဉ်း၍ ကောင်စီကချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၄။ ပုဒ်မ ၃၃ အရ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် စီမံခန့်ခွဲရေး နည်းလမ်းအရ အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၅)
## အထွေထွေ

၃၅။ ဦးစီးဌာနသည် ကောင်စီ၏ရုံးလုပ်ငန်းများကို စီမံဆောင်ရွက်ရမည်။

၃၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့်ချီးမြှင့်ငွေများကို ကောင်စီ၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၃၇။ ကောင်စီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၃၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့်ကောင်စီတို့သည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်